ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# စာရိတ္တနှင့်ပြည်သူ့နီတိ
## ဒုတိယတန်း



၂၀၁၈–၂၀၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# စာရိတ္တနှင့်ပြည်သူ့နီတိ
## ဒုတိယတန်း

၂၀၁၈–၂၀၁၉

CREATE

ပညာ

JICA

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန၏ အခြေခံပညာမူလတန်းသင်ရိုးညွှန်းတမ်းအသစ်များ ရေးဆွဲပြုစုအကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က နည်းပညာပံ့ပိုးကူညီမှုပေးပါသည်။

# မာတိကာ


| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | မိဘဆရာ ရှိသေပါ | ၁ |
| ၂ | ကိုယ့်ထက်ငယ်သူ စောင့်ရှောက်ကူ | ၆ |
| ၃ | ဇွဲနဲ့လုံ့လ ဝီရိယ | ၁၀ |
| ၄ | ကျောင်းကစားကွင်း | ၁၄ |
| ၅ | စည်းကမ်းလိုက်နာမယ် | ၁၈ |
| ၆ | ကျောင်း၌ယဉ်ကျေးခြင်း | ၂၃ |
| ၇ | မှန်မှန်ကန်ကန်ဆုံးဖြတ်စို့ | ၂၇ |
| ၈ | ရိုးသားခြင်း၏အကျိုး | ၃၁ |
| ၉ | ယဉ်ကျေးမှုရာ သိမ်မွေ့ပါ | ၃၆ |
| ၁၀ | မိတ်ဆွေကောင်း | ၄၁ |
| ၁၁ | စာနာနားလည်ပါ | ၄၅ |
| ၁၂ | မျှတစိတ်ကလေး ထားပါကွယ် | ၄၉ |
| ၁၃ | တာဝန်ကိုယ်စီ | ၅၃ |
| ၁၄ | ထူးတဲ့နိုင်ငံ | ၅၇ |
| ၁၅ | ချမ်းမြေ့သာယာ တို့ကမ္ဘာ | ၆၁ |
| ၁၆ | သန့်ရှင်းဝန်းကျင် ဖြစ်စေချင် | ၆၅ |

# သင်ခန်းစာ (၁) မိဘဆရာ ရှိသေပါ

လူကြီးမိဘဆရာသမားတွေကို ချစ်ခင်လေးစားတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။




- သင်ဘယ်သူတွေနဲ့ အတူနေထိုင်ပါသလဲ။
- အတူနေတဲ့လူကြီးမိဘတွေက သင့်ကိုဘယ်လိုပြုစုစောင့်ရှောက်ပေးပါသလဲ။ ဘာတွေ လုပ်ပေးပါသလဲ။
- လူကြီးမိဘတွေမရှိရင် ဘာတွေ ဖြစ်လာနိုင်ပါသလဲ။

ရုပ်ပုံတွေထဲမှာ ဘိုးဘွားမိဘ ဆရာသမားတွေက သူတို့ကလေးတွေအတွက် ဘာတွေ လုပ်ဆောင်ပေးနေသလဲ။









## အခန်း(၁)


# မိဘဆရာ ရိုသေပါ



တူးတူးကလေးမှာ ကျေးဇူးတင်ရမဲ့သူတွေ အများကြီး ရှိပါတယ်။ ဖေဖေနဲ့ မေမေက တူးတူးကလေး ဗိုက်ထဲမှာရှိနေတုန်း ဂရုစိုက်ကြတယ်။ မေမေက တူးတူးကလေးနဲ့ မတည့်တဲ့ အစားအစာတွေကို မစားဘဲနေရတယ်။ တူးတူးကလေး သန်စွမ်းလာဖို့အတွက် အာဟာရပြည့်မဲ့ အစားအစာတွေကို ရွေးစားရတယ်။ တူးတူးကလေးအတွက် စားစရာ ဝတ်စရာ နေစရာတွေ အားလုံး ဖြည့်ဆည်းပေးဖို့ ဖေဖေက အလုပ်တွေအများကြီး လုပ်ရတယ်။ ရေချိုးပေးကြတယ်။ တစ်ကိုယ်ရေသန့်ရှင်း အောင်လုပ်ပေးကြတယ်။ အစားအသောက်တွေ ချက်ပြုတ် ကျွေးမွေးတယ်။ အိပ်ရာဝင်တဲ့အခါ ချော့သိပ်တယ်။ ဘေးရန်ကင်းဖို့ စောင့်ရှောက်ပေးတယ်။ မကောင်းတာတွေ မလုပ်မိအောင် ကောင်းတာတွေ လုပ်တတ်အောင် ဆုံးမ သွန်သင်ပေးတယ်။



ဖေဖေ မေမေ ဘိုးဘိုး ဘွားဘွား ဦးဦး ဒေါ်ဒေါ်နဲ့ ကိုကို မမတို့က လဲ တူးတူးကလေးကို ဝိုင်းပြီး ပြုစုစောင့်ရှောက်ကြတယ်။






တူးတူးကလေး သွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးတယ်။ ကျောင်းပို့ပေးတယ်။ တူးတူးကလေးကို ချစ်ခင်ကြင်နာကြတယ်။ သူတို့တွေကြောင့် တူးတူးကလေး ပျော်ရွှင်ရပါတယ်။

ဆရာ ဆရာမတွေက ပညာသင်ပေးတယ်။ စာဖတ်တတ်အောင် သင်ပေးတယ်။ သူတို့ရဲ့ကျေးဇူးတွေကြောင့် တူးတူးကလေး စာကောင်းကောင်း ရေးတတ်ခဲ့တာပေါ့။ စဉ်းစား ဆုံးဖြတ်တတ်အောင်လဲ သင်ပေးတယ်။ အမှား အမှန်ကို ခွဲခြားတတ်အောင် ညွှန်ပြပေးတယ်။ အဲဒါကြောင့် တူးတူးကလေးဟာ သူ့ကို ဝိုင်းပြီး စောင့်ရှောက်ကြတဲ့ သူတွေကို ရိုသေ လေးစား ချစ်ခင်မိပါတော့တယ်။



## အခန်း(၁)

# ကျေးဇူးကြီးသူများ





ကိုးလလွယ်ကာ ဆယ်လကြာ
မိဘများက မွေးခဲ့တာ၊
မွေးကျေးဇူး အမှန်ရှိ
ကျေးဇူးတင်ပါ၏။
စားဖို့ နေဖို့ ဝတ်ဖို့ရာ
မိဘများက ကြိုးစားရှာ၊
ကျွေးကျေးဇူး အမှန်ရှိ
ကျေးဇူးတင်ပါ၏။
ငယ်စဉ်ဘဝ ထိန်းကျောင်းကာ
ဆရာများက သင်ပေးတာ၊
တတ်သိလိမ္မာ ပညာရေး
ဆရာပေးတဲ့အတွေး၊
ပညာအမွေ အမှန်သိ
ကျေးဇူးတင်ပါ၏။

**ဘဂိနီ**



## သားသမီးဝတ်



ကျွေးမွေးမပျက်
ဆောင်ရွက်စီမံ
မွေ့ခံထိုက်စေ
လှူမျှဝေ၍
စောင့်လေမျိုးနွယ်
ဝတ်ငါးသွယ်
ကျင့်ဖွယ်သားတို့တာ။

**သင်္ဂဇာဆရာတော်**

* မေးခွန်း

၁။ သင် ချစ်ခင်လေးစားရတဲ့ သူတစ်ယောက်က သင့်ကို ဘယ်လို ပြုစုစောင့်ရှောက်ခဲ့သလဲ။ ပြောပြပါ။

၂။ မိဘဘိုးဘွားဆရာသမားတွေကို ချစ်ခင်တယ်ဆိုရင် ဘာတွေ လုပ်ပေးမလဲ။

၃။ မိဘဘိုးဘွားဆရာသမားတွေကို ဘယ်လို လေးလေးစားစား ဆက်ဆံကြမလဲ။ ဘာကြောင့်လဲ။

၄။ သားသမီးဝတ်ကဗျာထဲက ကိုယ်တိုင် လုပ်ရမဲ့အချက်တွေကို ပြောပြပါ။




## သင်ခန်းစာ(၂) ကိုယ့်ထက်ငယ်သူ စောင့်ရှောက်ကူ

ငယ်ရွယ်သူတွေကို ဂရုတစိုက် စောင့်ရှောက်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- ကိုယ့်ထက်ငယ်တဲ့ မောင်လေး၊ ညီမလေးတွေကို အိမ်မှာ ဘယ်လို ဂရုတစိုက် ထိန်းပေးဖူးသလဲ။
- ကိုယ့်ထက်ငယ်တဲ့ မောင်လေး၊ ညီမလေးတွေကို ကျောင်းမှာ ဘယ်လို ဂရုတစိုက် စောင့်ရှောက်ပေးဖူးသလဲ။
- ကြီးတဲ့သူတွေဆီက ဂရုတစိုက် စောင့်ရှောက်မှုကိုရတဲ့အခါ ငယ်တဲ့သူတွေရဲ့စိတ်ထဲမှာ ဘယ်လို ခံစားရမလဲ။

ပုံမှာဖော်ပြထားတဲ့ ဂရုတစိုက် စောင့်ရှောက်မှုမျိုး ကိုယ့်ထက်ငယ်တဲ့သူတွေကို ဆောင်ရွက်ပေးဖူးသလား။



# ကိုယ့်ထက်ငယ်သူ စောင့်ရှောက်ကူ

ချစ်စုတို့ မိသားစုမှာ ဖေဖေနဲ့မေမေက အလုပ်လုပ်ပါတယ်။ အလုပ်မသွားခင် မနက်စာ ချက်ပြုတ်ရာမှာ အစ်ကိုကြီးနဲ့မမလေးက ဖေဖေနဲ့မေမေကို ဝိုင်းကူ လုပ်ပါတယ်။ ပြီးမှ ကျောင်းသွားဖို့ ပြင်ဆင်ကြပါတယ်။



မမလေးက ချစ်စုကို ရေချိုးပေးတယ်၊ သနပ်ခါး လိမ်းပေးတယ်၊ ကျောင်းဝတ်စုံ ဝတ်ပေးတယ်။



မောင်နှမသုံးယောက်အတူတူကျောင်းသွား ကြပါတယ်။ အစ်ကိုကြီးက ချစ်စုရဲ့ပစ္စည်း တွေကို ကူသယ်ပေးတယ်။ "သတိထားပြီး လျှောက်ကြနော် ချော်လဲကျမယ်"လို့ သတိပေးလေ့ရှိပါတယ်။ ကျောင်းနား ရောက်လို့ လမ်းဖြတ်ကူးတဲ့အခါမှာလဲ အစ်ကိုကြီးနဲ့ မမလေးက ချစ်စုကို အလယ်က ထားပြီး လက်တွဲခေါ်ယူလေ့ရှိပါတယ်။



ချစ်စုတို့အသင်း တာဝန်ကျတဲ့နေ့တွေမှာ အစ်ကိုကြီးနဲ့ မမလေးက ချစ်စုကို ကျောင်း ပေါက်ဝမှာ စောင့်ပေးတယ်။ ပြီးမှ အတူတူ အိမ်ပြန်လေ့ရှိပါတယ်။ ညနေပိုင်း အားလပ် ချိန်တွေမှာ ချစ်စုတို့ မောင်နှမသုံးယောက် အတူတူ ကစားကြတယ်။

# အခန်း(၂)



ကစားတဲ့အခါတိုင်း ချစ်စု အနာတရ မဖြစ်အောင်၊ မထိခိုက်အောင် အစ်ကိုကြီးနဲ့ မမလေးတို့က ဂရုစိုက်ကြပါတယ်။ ကျောင်းစာတွေလုပ်တဲ့အခါ ချစ်စု နားမလည်တာတွေကို အစ်ကိုကြီးနဲ့ မမလေးက ကူညီ ရှင်းပြပေးပါတယ်။ အစ်ကိုကြီးနဲ့ မမလေးတို့ ဂရုတစိုက် စောင့်ရှောက်တာတွေကိုအတုယူပြီး အတန်းငယ်တဲ့မောင်လေး၊ ညီမလေးတွေကို ချစ်စုက ကျောင်းမှာပြန်ပြီး ဂရုတစိုက် စောင့်ရှောက်ပေးပါတယ်။





## ငယ်ရွယ်သူကို ဖေးကူကြ

တို့မိသားစု တို့ဝန်းကျင်
ကြီးငယ်ရွယ်တူ အစုံပင်၊
ပြုံးရွှင်စာနာ ကူညီမနှေး
ငယ်သောသူကို ဦးစားပေး။
ညီလေးညီမလေး မထိခိုက်အောင်
နေရာတိုင်းမှာ သတိဆောင်၊
မောင်နှမတွေ ကြင်နာမှ
ကြည်နူးပျော်ရွှင် ဝမ်းသာရ။
ငယ်ရွယ်သူကို ဖေးကူကြ။

**ကိုထွန်းထွန်း(ဂီတမိတ်)**

အောက်ပါအပြုအမူတွေဟာ ဂရုတစိုက်စောင့်ရှောက်တဲ့အပြုအမူဖြစ်လျှင် အမှန်(✔) ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | ညီလေး၊ မောင်လေး၊ ညီမလေးတွေ ငိုနေတဲ့အခါ ချော့ပြောမယ်။ | |
| ၂ | အိမ်မှာ လူကြီးတွေမရှိတဲ့အခါ ညီလေး၊ မောင်လေး၊ ညီမလေးတွေ အနားမှာ မနေဘဲ သွားကစားမယ်။ | |
| ၃ | ကျောင်းမှာ ကစားတဲ့အခါ ညီလေး၊ မောင်လေး၊ ညီမလေးတွေကို မထိခိုက်အောင် ကစားမယ်။ | |
| ၄ | ကျောင်းမှာ ညီလေး၊ မောင်လေး၊ ညီမလေးတွေ နားမလည်တာ ရှိရင် ချိုချိုသာသာ ပြောပြမယ်။ | |

* မေးခွန်း

၁။ အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ ကိုယ့်ထက်ငယ်တဲ့ညီလေး၊ ညီမလေးတွေကို ဘယ်လို စောင့်ရှောက်မလဲ။
၂။ ကိုယ့်ထက်ငယ်တဲ့ ညီလေး၊ ညီမလေးတွေကို ဘာကြောင့် ဂရုတစိုက် စောင့်ရှောက်သင့်တယ်လို့ ထင်ပါသလဲ။
၃။ ကြီးသူတွေက ငယ်သူတွေကို ကြင်ကြင်နာနာနဲ့ ဂရုတစိုက် မစောင့်ရှောက်ဘူးဆိုရင် ဘာတွေ ဖြစ်လာနိုင်ပါသလဲ။
၄။ တခြားငယ်ရွယ်တဲ့ ညီလေး၊ ညီမလေးတွေ ထိခိုက်နာကျင်မှု မရှိအောင် ဘယ်လို ဂရုစိုက်မလဲ။




# သင်ခန်းစာ (၃) ဇွဲနဲ့လုံ့လ ဝီရိယ


အလုပ်ကို ကြိုးကြိုးစားစားလုပ်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- မိသားစုထဲမှာ အလုပ်ကြိုးစားတဲ့သူက ဘယ်သူလဲ။
- ကလေးတို့ကိုယ်တိုင် အလုပ်ကြိုးစားတဲ့သူလား။ ကြိုးစားပြီး လုပ်ရတဲ့ အလုပ်တွေက ဘာအလုပ်တွေလဲ။
- ဒီလအတွင်းမှာ ကြိုးကြိုးစားစားလုပ်ရတဲ့အလုပ် ရှိသလား။ ရှိရင် ဘယ်လို ကြိုးစားလုပ်ခဲ့ရသလဲ ပြောပြပါ။
- အလုပ်တစ်ခုကြိုးစားလုပ်လိုက်လို့ ပြီးသွားတဲ့အခါမှာ ဘယ်လို ခံစားရသလဲ။








# ဇွဲရှိသူရဲ့ လုံ့လ



တစ်ခါတုန်းက လူငယ်လေး တစ်ယောက်ဟာ အရုပ် လုပ် တတ်ချင်လို့ အရုပ်လုပ်တဲ့ အတတ်ပညာကို သွားရောက် သင်ယူသတဲ့။ အချိန် အတော် ကြာတဲ့အထိ သင်ယူ လေ့လာ ပေမဲ့လဲ သူလုပ်တဲ့ အရုပ် တွေဟာ မလှပတာကြောင့် စိတ်ဓာတ်ကျနေတယ်။ မလှပ တဲ့ အရုပ်တွေကို ကြည့်ပြီး "ငါဟာ တော်တော်အသုံးမကျတဲ့ သူတစ်ယောက်ပဲ အခြားသူတွေက ကျွမ်းကျွမ်း ကျင်ကျင် လုပ်တတ်သွားပြီး ငါက ဘာကြောင့် မတတ်ရတာလဲ" လို့ တွေးနေမိတယ်။



အဲဒီလို စိတ်ပျက်နေတဲ့ အချိန်မှာပဲ အခန်းအမိုးထောင့်မှာ တွဲလဲကျနေတဲ့ ပင့်ကူတစ်ကောင်ကို မြင်မိတယ်။ ပင့်ကူကလေးက အခန်းအမိုးထောင့်မှာ တစ်ခုခုကို လုပ်နေတာ တွေ့ရတယ်။ အဲဒီလိုလုပ်ရင်းနဲ့ ရုတ်တရက်အောက်ကို ပြုတ်ကျလာတယ်။ ပင့်ကူကလေးဟာ အောက်ဆုံးအထိ အရောက်မခံဘဲ တွဲလဲခိုရင်း ခဏအကြာမှာ နောက် တစ်ကြိမ် ပြန်တက်သွားတယ်။ ကြည့်နေတုန်းမှာပဲ နောက်တစ်ကြိမ် ပြန်ကျလာတယ်။ တွဲလဲကျနေတဲ့ပင့်ကူကလေးက အထက်ကို ကြိုးစားတက်နေတာ တွေ့ရတယ်။



ပင့်ကူကလေးဟာ အကြိမ်ကြိမ် အခါခါ အောက်ကျလိုက် ပြန်တက်သွားလိုက်နဲ့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကြိုးစားပြီး ပင့်ကူအိမ်ဆောက်နေတာပဲ။ သူ့ဘေးနားမှာ ဘယ်သူမှ မရှိဘူး။ အောက်ကို ကျသွားတဲ့ အခါတိုင်း သူ ပြန်ကြိုးစားတယ်။ ဒီလိုနဲ့ပဲ ပင့်ကူအိမ်ကလေး ပြီးသွားတယ်။ ငါလဲပဲ အကြိမ်ကြိမ်ကြိုးစားရင် လှပတဲ့အရုပ်တွေကို လုပ်တတ်မှာပဲ၊ ကျွမ်းကျင်တဲ့အရုပ်တီထွင်သူ တစ်ယောက် ဖြစ်လာမှာပဲ၊ ကြိုးကြိုးစားစား ဇွဲနဲ့လုပ်ဖို့က အရေးကြီးဆုံးပဲလို့ လူငယ်လေး သဘောပေါက်သွားပါတော့တယ်။

## ဇွဲနဲ့လုံ့လ ဝီရိယ

ဇွဲရှိသူရဲ့ လုံ့လဟာ
အကျိုးထူးလှတာ။
ဝီရိယသာ ဦးစားပေး
ပျင်းစိတ်ကို မမွေး။
ပျင်းစိတ်မွေးလို့ ကြာလေလျှင်
ညံ့ဖျင်းဖို့သာပြင်။
မညံ့ချင်သူ မှန်သမျှ
မဖျင်းချင်သူ မှန်သမျှ
ဇွဲနဲ့လုံ့လ ဝီရိယ
ကိုယ်စီရှိပါမှ။ ။







**မောင်တင်စိုး(သစ်ရာကောက်)**

# အခန်း(၃)

အောက်ပါအပြုအမူတွေဟာ ကြိုးစားတဲ့အပြုအမူဖြစ်လျှင် အမှန်(✔)ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| **စဉ်** | **အကြောင်းအရာ** | (✔) (✘) |
|---|---|---|
| ၁ | လုပ်နေတဲ့အလုပ်က ခက်ခဲနေလဲ ပြီးအောင် လုပ်တယ်။ | |
| ၂ | လုပ်နေတဲ့အလုပ်က ခက်ခဲနေရင် ပြီးအောင် မလုပ်ဘူး။ | |
| ၃ | အလုပ်တစ်ခုကို မပြီးမချင်း ပြီးမြောက်အောင် လုပ်မယ်။ | |
| ၄ | ဝီရိယမရှိတဲ့သူဟာ အောင်မြင်မှုရရှိအောင် မလုပ်ဘူး။ | |

* မေးခွန်း

၁။ အလုပ်ပြီးအောင် ကြိုးစားလုပ်ရင် ဘာတွေ ဖြစ်လာမလဲ။

၂။ အလုပ်ကိုပြီးအောင် မကြိုးစားရင် ဘာတွေ ဖြစ်လာမလဲ။

၃။ ဖွဲလုံ့လဝီရိယထားပြီး လုပ်ရတဲ့ အလုပ်တစ်ခုကို ပြောပြပါ။

၄။ အလုပ်ကြိုးစားလို့ အောင်မြင်သွားတဲ့သူ တွေ့ဖူးပါသလား။ သူ့ရဲ့နာမည်ကို ပြောပြပါ။ သူဘာတွေ ကြိုးစားလုပ်ခဲ့သလဲ။



# သင်ခန်းစာ (၄) ကျောင်းကစားကွင်း


အများပိုင်ပစ္စည်းတွေကို ထိန်းသိမ်းတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- ကလေးတို့မှာ ပါလာတဲ့ ပစ္စည်းတစ်ခုကို ပြပါ။ အဲဒါကို ဘယ်သူ ပိုင်သလဲ။
- စာသင်ခန်းထဲမှာရှိတဲ့ ပစ္စည်းတစ်ခုကို ပြောပြပါ။ အဲဒါကို ဘယ်သူ ပိုင်သလဲ။
- ပုံတွေထဲမှာ ကျောင်းပိုင်ပစ္စည်းနဲ့ ကိုယ်ပိုင်ပစ္စည်းကို ခွဲခြားပြပါ။
- ကျောင်းပိုင်ပစ္စည်းနဲ့ ကိုယ်ပိုင်ပစ္စည်း ဘာကွာခြားသလဲ။



# ကျောင်းကစားကွင်း




ကျွန်မကတော့ ရွာသစ်အခြေခံပညာ အထက်တန်းကျောင်းက ဒုတိယတန်း ကျောင်းသူ မအေးအေး ဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းမှာ ကလေးကစားကွင်း တစ်ခုရှိလာလို့ ဒီနှစ်ကျောင်းတက်ရတာ ပိုပြီး ပျော်ပါတယ်။ အဲဒီကစားကွင်းမှာ ကျောင်းသား ကျောင်းသူတွေဟာ ဒန်းစီးလိုက်၊ လျှောစီးလိုက်၊ ပြေးလွှား ဆော့ကစားလိုက်နဲ့ အလွန်ပျော်ရွှင်ကြပါတယ်။ အရင်က ဒီလိုကစားကွင်းမျိုးကို ရုပ်မြင်သံကြားမှာပဲ မြင်တွေ့ခဲ့ဖူးပါတယ်။

အခမ်းအနားတစ်ခုမှာ ကျောင်းအုပ်ဆရာမကြီးက "ဒီကစားကွင်းကို ကျောင်းသားဟောင်း တစ်ဦးဖြစ်တဲ့ ရန်ကုန်မြို့နေ အလှူရှင် ဦးအောင်နိုင် မိသားစုက ကလေးတွေ ကျန်းမာပျော်ရွှင်စေဖို့ ရည်ရွယ်ပြီး တည်ဆောက်ခဲ့တာ ဖြစ်တယ်။ ကလေးအားလုံး အသုံးပြုနိုင်တဲ့ ကစားကွင်းကို အားလုံးက ရိုရိုသေသေနဲ့ အသုံးပြုပြီး ထိန်းသိမ်းစောင့်ရှောက်ရမယ်" လို့ မှာကြားပါတယ်။






အတန်းပိုင်ဆရာကလဲ ကျောင်းထဲက အများပိုင်ပစ္စည်းတွေနဲ့ အတန်းထဲက အများပိုင်ပစ္စည်းတွေကို ရိုရိုသေသေ ကိုင်တွယ်အသုံးပြုဖို့ ပြောဆိုဆုံးမ ပါတယ်။ အများပိုင်ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်တဲ့သူဟာ လူလိမ္မာဖြစ်ပြီး လူအများက ချစ်ခင် နှစ်သက်ကြမယ်။ ကိုယ့်ကြောင့် အများ ပိုင်ပစ္စည်းတွေ ပျက်စီးရင် လူအများကို အနှောင့်အယှက်ပေးရာ ရောက်တာကြောင့် လူအများက မနှစ်သက်ကြောင်း ရှင်းပြပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ ကစားစရာပစ္စည်းတွေကို ရိုရိုသေသေအသုံးပြုပြီး အလှည့်ကျကစားကြပါတယ်။ မောင်လေးအောင်အောင်ကိုလဲ သူငယ်တန်းမှာရှိတဲ့ ကစားစရာပစ္စည်းတွေကို ရိုရိုသေသေ ကိုင်တွယ်ကစားဖို့နဲ့ ကစားပြီးရင် နေရာတကျ ပြန်ထားဖို့ ကျွန်မက ပြောပြထားပါတယ်။



## ကျောင်းပန်းခြံ

အလံတိုင်ရှေ့ကျောင်းပန်းခြံ
ကျက်သရေဖြိုးဝေလျှံ၊
စိတ်အားထက်သန် တို့ပြုစု
ကျောင်းသားလူငယ်ထု။
ညီညွတ်မှုကို အရင်းတည်
ရေလောင်းပေါင်းသင်မည်၊
ဆယ့်နှစ်ရာသီ အစဉ်လန်း
ဖူးပွင့်ရောင်စုံပန်း။
မညှိုးနွမ်းရ တို့ကျောင်းဂုဏ်
ရနံ့သင်းပျံ့ထုံ၊
လောကခံကြုံ မဖြုံတမ်း
စုပေါင်းတို့ကြိုးပမ်း။

**မောင်ကျေးရှူး**




* မေးခွန်း

၁။ အများပိုင်ပစ္စည်းနဲ့ ကိုယ်ပိုင်ပစ္စည်း တစ်မျိုးစီကို ဖော်ပြပါ။ ဘာကြောင့် အများပိုင်ပစ္စည်း၊ ကိုယ်ပိုင်ပစ္စည်းလို့ သတ်မှတ်ရပါသလဲ။

၂။ အများပိုင်ပစ္စည်းတွေကို ဘယ်လို အသုံးပြုသင့်တယ်လို့ ထင်ပါသလဲ။ ဘာကြောင့်လဲ။

၃။ အတန်းထဲမှာ အများပိုင်ပစ္စည်းကို ရိုရိုသေသေ ကိုင်တွယ်အသုံးပြုတတ်တဲ့ သူတစ်ယောက်အကြောင်း ပြောပြပါ။

၄။ ကျောင်းပန်းခြံမှာ အလှစိုက်ထားတဲ့ပန်းကို တစ်ယောက်ယောက်က ခူးနေတာမြင်ရင် သင် ဘာလုပ်မလဲ။




# သင်ခန်းစာ (၅) စည်းကမ်းလိုက်နာမယ်

ကျောင်းစည်းကမ်းများကို လိုက်နာတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။




- အိမ်မှာ ဘယ်လို စည်းကမ်းမျိုးတွေကို လိုက်နာခဲ့ရသလဲ။
- ကျောင်းမှာ လိုက်နာရမဲ့ စည်းကမ်းတွေကို သင်သိသလောက် ပြောပြပါ။
- ရုပ်ပုံကိုကြည့်ပြီး စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ အမှား အမှန် ခြစ်ပြပါ။
- အမှား အမှန်ခြစ်ရခြင်းရဲ့ အကြောင်းရင်းကို ပြောပြပါ။


ပုံ(၁)




ပုံ(၂)




ပုံ(၃)




ပုံ(၄)




ပုံ(၅)



ပုံ(၆)



# စည်းကမ်းလိုက်နာမယ်



ဇူလိုင်ပထမပတ်။ ။ မောင်ရဲရင့်၏ မိမိကိုယ်တိုင်အကဲဖြတ်သည့် ကျောင်းစည်းကမ်း လိုက်နာမှုမှတ်တမ်း

| စဉ် | စည်းကမ်း | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|---|
| ၁ | ကျောင်းချိန်မှန် | ✔ | ✔ | ✔ | ✔ | ✔ |
| ၂ | ကျောင်းတက်မှန် | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၃ | နိုင်ငံတော်အလံကို ရိုသေစွာအလေးပြုခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၄ | စာသင်ချိန်အာရုံစိုက် | ✔ | ✔ | ✔ | ✔ | ✔ |
| ၅ | လေ့ကျင့်ခန်းမှန်မှန်လုပ် | ✔ | ✔ | ✔ | သင်္ချာ(မေ့) | ✔ |
| ၆ | ဖတ်စာအုပ်ကိုရိုသေစွာ ကိုင်တွယ်ခြင်း | ✔ | ✔ | ✔ | ဟင်းပေ | ✔ |
| ၇ | အမှိုက်ပုံထဲ အမှိုက်ပြစ်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၈ | ကျောင်းနံရံပစ္စည်း များကိုညစ်ညမ်းအောင် မရေးခြစ်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၉ | အပြင်ခဏခဏ မထွက်ခြင်း | ✔ | ✔ | ✔ | ✔ | ✔ |
| ၁၀ | အသင်းတာဝန် လုပ်ဆောင်ခြင်း | ✔ | ✔ | ✔ | ✔ | ကျောင်းပျက် |

မောင်ရဲရင့်ဟာ ကညင်ကွင်းရွာ၊ အခြေခံပညာ မူလတန်းကျောင်းက ဒုတိယတန်း ကျောင်းသား ဖြစ်တယ်။ အတန်းပိုင်ဆရာကတော့ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင် ဖြစ်ပါတယ်။ ကိုယ်တိုင်စည်းကမ်းရှိသလို စည်းကမ်းလိုက်နာတဲ့ကျောင်းသား၊ ကျောင်းသူတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးဖို့ လက်ထောက်ဆရာ၊ ဆရာမတွေကို အမြဲလမ်းညွှန်တိုက်တွန်း နှိုးဆော်ပါတယ်။ ကျောင်းစုဝေးပွဲတွေမှာ ကျောင်းသား၊ ကျောင်းသူတွေကို ကျောင်းစည်းကမ်း၊ အတန်းစည်းကမ်း လိုက်နာဖို့ အမြဲပြောဆို ဆုံးမပါတယ်။ ကျောင်းသားတစ်ဦးချင်းရဲ့ ကျောင်းစည်းကမ်း လိုက်နာမှုမှတ်တမ်းကို ဒုတိယတန်းကစပြီး နေ့စဉ် ကိုယ်တိုင်ရေးသားစေပါတယ်။

မောင်ရဲရင့်ရဲ့ ကျောင်းစည်းကမ်းလိုက်နာမှုမှတ်တမ်းကို လေ့လာကြည့်ရှုပြီး သူရဲ့ စည်းကမ်းလိုက်နာတဲ့အချက်တွေကို ပြောပြပါ။

ဇူလိုင်ပထမပတ်။ ။ မောင်ရဲရင့်၏ မိမိကိုယ်တိုင်အကဲဖြတ်သည့် ကျောင်းစည်းကမ်း
လိုက်နာမှုမှတ်တမ်း

| စဉ် | စည်းကမ်း | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|---|
| ၁ | ကျောင်းချိန်မှန် | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၂ | ကျောင်းတက်မှန် | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၃ | နိုင်ငံတော်အလံကို ရိုသေစွာအလေးပြုခြင်း | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၄ | စာသင်ချိန်အာရုံစိုက် | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၅ | လေ့ကျင့်ခန်းမှန်မှန်လုပ် | ✔ | ✔ | ✔ | သင်္ချာ(မေ့) | နေမကောင်း |
| ၆ | စာအုပ်ကိုရိုသေစွာ ကိုင်တွယ်ခြင်း | ✔ | ✔ | ✔ | မြန်မာ (ညစ်ပေ) | နေမကောင်း |
| ၇ | အမှိုက်ပုံးထဲ အမှိုက်ပစ်ခြင်း | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၈ | ကျောင်းနံရံ၊ ကျောင်းပစ္စည်းများကို ညစ်ညမ်းအောင် မရေးခြစ်ခြင်း | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၉ | အပြင်ခဏခဏ မထွက်ခြင်း | ✔ | ✔ | ✔ | ✔ | နေမကောင်း |
| ၁၀ | အသင်းတာဝန် လုပ်ဆောင်ခြင်း | ✔ | ✔ | ✔ | ✔ | နေမကောင်း |

## ကျောင်းကောင်စီသစ္စာအဓိဋ္ဌာန်

မိမိကိုယ်ကို
ကောင်းအောင်ကြိုးစားမည်၊
မိမိအတန်းကို
ကောင်းအောင်ကြိုးစားမည်၊
မိမိကျောင်းကို
ကောင်းအောင်ကြိုးစားမည်၊
မိမိတိုင်းပြည်အတွက်
ကောင်းအောင်ကြိုးစားမည်။



* မေးခွန်း

၁။ သင်သိတဲ့ ကျောင်းစည်းကမ်းတွေကို ပြောပြပါ။
၂။ ကျောင်းစည်းကမ်း လိုက်နာဖို့ သူငယ်ချင်းကို သင် ဘယ်လို ပြောပြ အကြံပေးဖူးပါသလဲ။
၃။ ဘယ်လိုကျောင်းစည်းကမ်းမျိုးကို ချိုးဖောက်ဖူးပါသလဲ။ သင်ဘယ်လို ခံစားရပါသလဲ။
၄။ သင်ကျောင်းစည်းကမ်းလိုက်နာခြင်းဟာ သင်ရဲ့ကျောင်းကို ကောင်းအောင် လုပ်ဆောင်နေတယ်လို့ ထင်ပါသလား။ ဘာကြောင့်လဲ။
၅။ စည်းကမ်းရှိတဲ့ စာသင်ခန်းတစ်ခုဖြစ်ဖို့ သင်ဘယ်လို ပါဝင် လုပ်ဆောင်မလဲ။



# သင်ခန်းစာ (၆) ကျောင်း၌ယဉ်ကျေးခြင်း

ကျောင်းမှာ ယဉ်ယဉ်ကျေးကျေးပြုမူနေထိုင်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။




- စာသင်ကျောင်းမှာ လိုက်နာကျင့်သုံးရမဲ့ ယဉ်ကျေးတဲ့ ကိုယ်နှုတ်အမူအရာတွေကို နှစ်ယောက်တစ်တွဲ ဆွေးနွေးပါ။
- ညစ်ပေနေတဲ့ ကျောင်းဝတ်စုံဝတ်သွားရင် သူတစ်ပါးကို အနှောင့်အယှက် ဖြစ်စေသလား။ ဘာကြောင့်လဲ။
- ကျောင်းသားအသစ်တွေ၊ ကျောင်းသားငယ်တွေကို သင် ဘယ်လိုကူညီဖူးသလဲ။

ရုပ်ပုံပါအပြုအမူတွေကို မိမိတို့ကိုယ်တိုင်ပြုမူဖူးခြင်း ရှိ၊ မရှိ နှစ်ယောက်တွဲ ဆွေးနွေးပါ။








## အခန်း(၆)

➢ စာသင်ခန်းနှစ်ခန်းကို ကြည့်ရှုလေ့လာပြီး ကွာခြားချက်ကို ပြောပြပါ။





## အခန်း(၆)


အောက်ပါအပြုအမူတွေဟာ ကျောင်းသူကျောင်းသားယဉ်ကျေးတဲ့ အပြုအမူဖြစ်လျှင် အမှန်(✔) ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ အကြောင်းပြချက်ကို မှတ်စုစာအုပ်မှာ ရေးပါ။

| စဉ် | အကြောင်းအရာ | (✔)(✘) | အကြောင်းပြချက် |
|---|---|---|---|
| ၁ | ဆရာစာသင်နေစဉ် စကားမများဘဲ ငြိမ်သက်စွာအာရုံစိုက်၍ နားထောင်ခြင်း။ | | |
| ၂ | ဆရာ ဆရာမများ၊ မိမိထက်အသက်ကြီးသောကျောင်းသားများနှင့် စကားပြောသည့်အခါ ခင်ဗျာ၊ ရှင်၊ ကျွန်တော်၊ ကျွန်မ၊ ဟုတ်ကဲ့ပါခင်ဗျာ၊ ဟုတ်ကဲ့ပါရှင်ဟု သုံးနှုန်းပြောဆိုခြင်း။ | | |
| ၃ | တစ်ယောက်နှင့် တစ်ယောက် စခြင်း၊ နောက်ခြင်း၊ လှောင်ပြောင်ခြင်း၊ သရော်ခြင်း၊ နှောင့်ယှက်ခြင်း။ | | |
| ၄ | စာသင်ခန်းအပြင်သို့ ထွက်လိုပါက အတန်းဆရာကို ရိုသေစွာ ခွင့်တောင်းခြင်း။ | | |
| ၅ | ဆရာ၊ ဆရာမများနှင့် ဆုံသည့်အခါတိုင်း ရိုသေစွာ နှုတ်ဆက်ခြင်း။ | | |
| ၆ | ကျောင်းသားသစ်များကို ကူညီခြင်း၊ ကျောင်းသားငယ်များကို စောင့်ရှောက်ခြင်း။ | | |

# အခန်း(၆)

## ကျောင်းသားကောင်း





အတူကစားရင် ရန်မဖြစ်နဲ့
ချစ်ချစ်ခင်ခင် ကစားပါ။
အနိုင်ကျင့်တာ ရှက်စရာပဲကွဲ့
ဆဲတာဆိုတာ ရိုင်းလှစွာ။
ကျောင်းသားပီပီ အကူအညီပေးလို့
ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါ။
ဆရာပြောတာ မြေဝယ်မကျအောင်
နားထောင်ပါမှ လူလိမ္မာ။
စည်းကမ်းကိုသာ ရှိသေကြရင်
ပညာမုချတတ်မြောက်မှာ၊
တတ်မှာ တတ်မှာ။

**တင်မိုး**





* မေးခွန်း



၁။ ယဉ်ကျေးတဲ့ကျောင်းသားကောင်း တစ်ယောက်ဖြစ်ဖို့ ပြုမူနေထိုင်ရမဲ့ အပြုအမူတွေကို ပြောပြပါ။

၂။ စာသင်ခန်းမှာ လိုက်နာကျင့်သုံးရမဲ့ ယဉ်ကျေးတဲ့ အပြုအမူတွေကိုမလိုက်နာခဲ့တာရှိခဲ့သလား။ ဘာကြောင့်မလိုက်နာနိုင်တာလဲ။

၃။ ကျောင်းကို အချိန်မီရောက်ပေမဲ့ ဆရာကအတန်းထဲမှာ အရင် ရောက်ရှိနေရင် သင် ဘာလုပ်မလဲ။

၄။ ဆရာစာရှင်းပြနေတုန်း အတူထိုင်နေတဲ့ သူငယ်ချင်းက စကားလာပြောရင် သင် ဘာလုပ်မလဲ။

၅။ ဒီသင်ခန်းစာကို သင်ယူရတဲ့အခါ ဘယ်လို အသိတွေ ရလာသလဲ။


# သင်ခန်းစာ (၇) မှန်မှန်ကန်ကန်ဆုံးဖြတ်စို့

မှန်မှန်ကန်ကန်ဆုံးဖြတ်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- တစ်ခုခုလုပ်တော့မယ်ဆိုရင် ကိုယ်တိုင်ဆုံးဖြတ်ခဲ့ရတာ ရှိဖူးသလား။
- ဘယ်လို ကိစ္စမျိုးတွေလဲ။
- တစ်ခုခုလုပ်ဖို့အတွက် လူကြီးမိဘတွေရဲ့ အဆုံးအဖြတ်ကို ယူခဲ့ဖူးသလား။
- ကိုယ့်ရဲ့ဆုံးဖြတ်ချက်အတိုင်း တစ်ခုခုလုပ်ပြီးတဲ့အခါ ပျော်ရွှင်ခဲ့ရသလား။

ပုံမှာ ဖော်ပြထားတဲ့ လုပ်ဆောင်မှုတွေကို ကိုယ်တိုင် ဆုံးဖြတ်ပြီး လုပ်ခဲ့သလား။ ဘယ်လို ဆုံးဖြတ်ခဲ့ကြသလဲ။



# မှန်မှန်ကန်ကန်ဆုံးဖြတ်စို့



ဒီနေ့အတန်းထဲမှာ ကျော်ကျော်ယူလာတဲ့ ခဲတံလှလှကလေးကို ဇော်ဇော်က သိပ်ကြိုက်တယ်။ "အိုး သိပ်လှတဲ့ခဲတံပဲ ဘယ်က ဝယ်လာသလဲ ဘယ်လောက်ပေးရသလဲ" လို့ မေးကြည့်လိုက်တယ်။

ကျော်ကျော်က "ငါတို့အိမ်နားက ဆိုင်မှာ ဝယ်တာ ငါးရာ ပေးရတယ်"လို့ ပြောတယ်။ ဇော်ဇော်က "ကျောင်းက ပြန်ရင် ငါ့ကို လိုက်ပြပေးနော် ငါ့ အမေဆီမှာ ပိုက်ဆံတောင်းပြီး သွားဝယ်ကြမယ်"လို့ ပြောတယ်။ ညနေ ကျောင်းဆင်းတော့ ကျော်ကျော်က ဇော်ဇော်နဲ့ အတူအိမ်ကို လိုက်လာတယ်။





အိမ်ရောက်တော့ မေမေက အပြင် သွားနေတယ်။ ဇော်ဇော် စိတ်ညစ်သွားတယ်။ မေမေ ပိုက်ဆံအိတ် ကျန်ခဲ့တာကို သွားတွေ့တယ်။ မေမေ့ ပိုက်ဆံအိတ်ထဲက ပိုက်ဆံငါးရာကို ကိုယ့်သဘောနဲ့ကိုယ် ယူရမလား။ မေမေ့ဆီက ခွင့်ပြုချက်ရပြီးတော့မှ ယူရမလား ဆုံးဖြတ်ရ ခက်နေတယ်။ နောက်ဆုံးမှာတော့ . . . ။

## ဖြစ်ရပ်(၁)




မတော်တဆ တိုက်မိလိုက်လို့ စားပွဲပေါ်မှာ တင်ထားတဲ့ ဖန်ခွက်တစ်လုံး ကျကွဲသွားတယ်။ လူကြီးတွေက မေးရင် သင် ဘယ်လို ပြောဖို့ဆုံးဖြတ်မလဲ။

## ဖြစ်ရပ်(၂)



ဆရာမက အိမ်စာတွေပေးလိုက်တယ်။ အိမ်ရောက်တော့ သူငယ်ချင်းက သူနဲ့ အတူကစားဖို့ လာခေါ်တယ်။ သင် ဘယ်လို ဆုံးဖြတ်မလဲ။

## ဖြစ်ရပ်(၃)



သူငယ်ချင်းအားလုံး ကစားရင်သုံးတဲ့ကြိုးကို ကိုယ့်သူငယ်ချင်း တစ်ယောက်က ရွှံ့တွေသုတ်ထားလို့ အခြားသူတွေအားလုံး ပေကုန်တယ်။ သုတ်ထားတဲ့သူက စနောက်ချင်လို့ ပျော်ချင်လို့ လုပ်မိတာပါလို့ တောင်းပန်ရင် သင် ဘယ်လို ဆုံးဖြတ်မလဲ။

အောက်ပါအပြုအမူတွေဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်ဖြစ်လျှင် အမှန်(✔)ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | မေမေ့ပိုက်ဆံအိတ်ထဲက ပိုက်ဆံကို မေမေမသိအောင် ယူလိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ | |
| ၂ | ကိုယ်ကအမှားလုပ်မိတဲ့အခါ သူငယ်ချင်းတွေကို တောင်းပန်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ | |
| ၃ | မကစားမီ ကျောင်းကပေးလိုက်တဲ့ အိမ်စာတွေကို အရင်ပြီးအောင် လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ | |
| ၄ | ကိုယ်လိုချင်တဲ့ ကစားစရာဝယ်ဖို့ ကိုယ့်မိဘတွေကို စုထားမယ်လို့ ဆုံးဖြတ်လိုက်တယ်။ | |

* မေးခွန်း

၁။ လမ်းသွားရင်း အကူအညီလိုနေတဲ့သူ တစ်ယောက်ကို ကူညီဖို့ဆုံးဖြတ်လိုက်ရင် မှန်ကန်တဲ့ ဆုံးဖြတ်ချက်လို့ ထင်သလား။ ဘာကြောင့်လဲ။

၂။ မမှန်ကန်ဘူးလို့ ထင်တဲ့ဆုံးဖြတ်ချက် တစ်ခု ပြောပြပါ။

၃။ သင်သာ ဖော်ဖော်ဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ။

၄။ ဆုံးဖြတ်ချက် မမှန်ကန်လို့ ဝမ်းနည်းခဲ့ရတဲ့ အဖြစ်အပျက် တစ်ခု ပြောပြပါ။



# သင်ခန်းစာ (၈) ရိုးသားခြင်း၏အကျိုး

➢ ရိုးသားဖြောင့်မတ်စွာ ပြုမူနေထိုင်တတ်စေရန် ဒီသင်ခန်းစာကို လေ့လာကြရအောင်။



➢ ရိုးသားတဲ့သူတွေ့ဖူးသလား။
➢ ရိုးသားတဲ့သူက ဘာတွေလုပ်သလဲ။ ဘာတွေ မလုပ်ဘူးလဲ။
➢ မရိုးသားတဲ့သူက ဘာတွေလုပ်သလဲ။

ဖော်ပြထားတဲ့ ပုံတွေကိုကြည့်ပြီး ဘယ်အပြုအမူက ရိုးသားသလဲ။



# ရိုးသားခြင်း၏ အကျိုး



ကျောင်းတက်ချိန်နီးနေလို့ နော်အယ်ဝါးတစ်ယောက် ကျောင်းကို မြန်မြန် သွက်သွက် လျှောက်သွားတယ်။ ကျောင်းသွားတဲ့ လမ်းတစ်လျှောက်မှာ ကျောင်းသူ ကျောင်းသားတွေ မရှိတော့ဘူး။ ကျောင်းနားရောက်ခါနီးတော့ လမ်းပေါ်မှာ ပိုက်ဆံအိတ်တစ်လုံး ကျနေတာကို တွေ့ရတယ်။



" ဟယ် ပိုက်ဆံအိတ်တစ်လုံးပါလား ဘယ်သူ ကျကျန်ခဲ့တာပါလိမ့် ကျောင်းသွားတဲ့ လမ်းပေါ်မှာ ဆိုတော့ ကျောင်းသူ ကျောင်းသားတွေဆီကလား ဆရာ ဆရာမတွေဆီကလား ဒါမှမဟုတ် ကျောင်းသား မိဘတွေဆီကလား အို ဘယ်သူရဲ့ အိတ်ပဲဖြစ်ဖြစ် အခုအချိန်ဆိုရင် ပိုင်ရှင်တော့ စိတ်ညစ်နေမှာပဲ ပိုင်ရှင်က သူ့ရဲ့ပိုက်ဆံအိတ်ကို ပြန်ရမယ်ဆိုရင် သိပ်ပျော်မှာပဲ"လို့ တွေးမိတယ်။




ကျောင်းရောက်တာနဲ့ ကျောင်းအုပ်ဆရာကြီးရုံးခန်းကို သွားပြီး "ဆရာကြီးရှင့် သမီး ပိုက်ဆံအိတ်တစ်လုံး ကောက်ရလာတယ် ပိုင်ရှင်ကို ပြန်ပေးချင်ပါတယ်" လို့ ပြောတယ်။ ဆရာကြီးက "ပိုင်ရှင်ရှာတွေ့အောင် ဆရာကြီး ကူညီပေးမယ်" လို့ပြောပြီး လက်ခံထားလိုက်တယ်။

နောက်တစ်နေ့မှာ ဆရာကြီးနဲ့ တတိယတန်းသင်တဲ့ ဆရာမတို့ ရောက်လာပြီး "ဒီအခန်းထဲက သမီးလေးနော်အယ်ဝါး လာပါဦး"လို့ ပြောတော့ အတန်းထဲကသူတွေက



နော်အယ်ဝါးကို ဝိုင်းကြည့်ကြတယ်။ ဆရာကြီးက "မနေ့က သမီးလေး နော်အယ်ဝါးက ပိုက်ဆံအိတ် တစ်လုံး ကောက်ရလို့ ကျောင်းရုံးခန်းမှာ လာအပ်ထားတယ် ဆရာကြီးက ကြော်ငြာသင်ပုန်းမှာရေးပြီး ပိုင်ရှင်ရှာလိုက်တယ် ပိုက်ဆံအိတ်ပိုင်ရှင်က ဒီဆရာမပဲ ရိုးသားတဲ့ သမီးလေးနော်အယ်ဝါးကို သိပ်ကျေးဇူးတင်လို့ ဂုဏ်ပြုချင်ပါတယ်တဲ့" လို့ ပြောတယ်။ အတန်းထဲက သူငယ်ချင်းတွေ အားလုံး နော်အယ်ဝါးကို လက်ခုပ်တီးဂုဏ်ပြုကြတယ်။

ရိုးသားတဲ့ နော်အယ်ဝါးကို အားလုံးက အားကျအတုယူကြဖို့ ဆရာကြီးက ပြောပါတယ်။



## မောင် ကောက်ရ



ကျောက်တံတိုစ
မောင် ကောက်ရ
ဆရာမလက် ဝကွက်အပ်။
ခဲတံတိုစ
မောင် ကောက်ရ
ဆရာမလက် ဝကွက်အပ်။
ပိုက်ဆံပြားစ
မောင် ကောက်ရ
ဆရာမလက် ဝကွက်အပ်။
အအပ်အပေး ဝန်မလေး
ရွှေသွေးလူလှ မောင် ကောက်ရ။

**ဗန်းမော်ညိုနွဲ့.**

### ဖြေပါ





မုန့်ဆိုင်က သကြားလုံး(၁၀)လုံးဝယ်ခဲ့တာ အားလုံးအတူစားဖို့ဝေလိုက်တော့မှ (၁၁)လုံးပါလာမှန်း သိလိုက်ရတယ်၊ ဘယ်လိုလုပ်မလဲ။

အောက်ပါအပြုအမူတွေဟာ ရိုးသားတဲ့အပြုအမူဖြစ်လျှင် အမှန်(✔)ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | ဒီကမုန့်ကို ဘယ်သူစားလိုက်သလဲမေးရင် သိတဲ့အတိုင်းပြောပြမယ်။ | |
| ၂ | ရောင်းသူမဲ့ဆိုင်မှာ ဈေးဝယ်တဲ့အခါ ကျသင့်တဲ့ပိုက်ဆံကို ပုံးထဲထည့်ခဲ့မယ်။ | |
| ၃ | ပစ္စည်းကောက်ရတဲ့အခါ ပိုင်ရှင်ကို တွေ့အောင်ရှာပြီး ပြန်ပေးဖို့ကြိုးစားမယ်။ | |
| ၄ | ပစ္စည်းကောက်ရတဲ့အခါ ပိုင်ရှင်မသိရင် ပြန်မပေးတော့ဘူး။ | |

* မေးခွန်း

၁။ ရိုးရိုးသားသား ပြုလုပ်ခဲ့တဲ့ အလုပ်တစ်ခုကို ပြောပြပါ။
၂။ ရိုးရိုးသားသား ပြောဆိုပြုမူလိုက်ရလို့ ဘယ်လို ခံစားရသလဲ။
၃။ မရိုးသားတဲ့သူဆိုရင် လူတွေက ဘယ်လို ဆက်ဆံကြမလဲ။
၄။ ရိုးသားတဲ့သူဆိုရင် လူတွေက ဘယ်လို ဆက်ဆံကြမလဲ။
၅။ နော်အယ်ဝါးကို ဘာကြောင့် ဂုဏ်ပြုထိုက်သလဲ။
၆။ ရိုးသားဖြောင့်မတ်တဲ့သူ တစ်ဦးဖြစ်အောင် နေ့စဉ်ဘဝမှာ ဘယ်လိုပြုမူနေထိုင်မလဲ။



# သင်ခန်းစာ (၉) ယဉ်ကျေးမှုရှာ သိမ်မွေ့ပါ

ယဉ်ယဉ်ကျေးကျေး ပြုမူဆက်ဆံတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- ကလေးတို့ ပတ်ဝန်းကျင်မှာ နေ့စဉ် ဘယ်သူတွေနဲ့ ပြောဆိုဆက်ဆံရသလဲ။
- ကိုယ့်ထက်ငယ်တဲ့သူတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ ဘယ်လို ပြောဆိုဆက်ဆံသလဲ။
- သူငယ်ချင်းတွေ၊ တခြားကျောင်းသား ကျောင်းသူတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ ဘယ်လိုပြောဆိုဆက်ဆံသလဲ။
- ဆရာ ဆရာမတွေ၊ လူကြီးမိဘတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါ ဘယ်လို ပြောဆိုဆက်ဆံသလဲ။

ဒီပုံတွေထဲက ကလေးတွေနေရာမှာ ကိုယ်သာဆိုရင် ဘယ်လို ပြုမူပြောဆိုမလဲ၊ စဉ်းစားကြည့်ရအောင်။









# ယဉ်ကျေးသူကလေး



မနှင်းဖြူကို လူတိုင်းက ချစ်ကြတယ်။ မနှင်းဖြူက ကျောင်းသွားတဲ့အခါတိုင်း "မေမေ သမီးကျောင်းသွားတော့မယ်နော်" လို့ နှုတ်ဆက်ပြီးမှ သွားလေ့ရှိတယ်။



သက်ကြီးရွယ်ကြီး ဘိုးဘွားတွေကိုလဲ ကူညီပေးတတ်တယ်။ တစ်နေ့ လမ်းမှာ အဘွားအိုတစ်ယောက်က "မြေးရယ် အဘွားကို လမ်းကူးဖို့ ကူညီပါလားကွယ်" လို့ ပြောတော့ တွဲကူပြီး လမ်းကူးပေးလိုက်တယ်။




ရပ်ကွက်ထဲက ဘဘကိုတွေ့တော့ "ဘဘ မင်္ဂလာပါ နေကောင်းပါသလားရှင်" လို့ နှုတ်ဆက်တယ်။
ဆရာမကိုတွေ့လို့ "မင်္ဂလာပါ ဆရာမ"လို့ နှုတ်ဆက်ပြီး စာသင်ခန်းထဲဝင်ခဲ့တယ်။



“မနှင်းဖြူရေ ကျောင်းသွားတော့မယ်ဟေ့ မြန်မြန်လာ”လို့ အော်ခေါ်တဲ့ မီးမီးကို “တော်ရုံအသံနဲ့ ခေါ်ပါ သူငယ်ချင်းရယ် အကျယ်ကြီးအော်ခေါ်တော့ တခြားသူတွေ လန့်ကုန်ဦးမယ်”လို့ မနှင်းဖြူက ပြော လိုက်တယ်။

လူကြီးတွေရှေ့နားက ခေါင်းမငုံ့ဘဲ ဖြတ်ပြေးတဲ့ မီးမီးကို “သူငယ်ချင်း လူကြီးတွေရှေ့ ဖြတ်တဲ့အခါ ခေါင်းငုံ့ သွားရတယ်” လို့ ပြောပြတယ်။






စာသင်ခန်းထဲဝင်လာတဲ့ ဆရာမကြီးကို “မင်္ဂလာပါ ဆရာမကြီး” လို့ ရိုရိုသေသေ နှုတ်ဆက်လိုက်တယ်။ အဲဒီအချိန်မှာ အတန်းထဲက သူငယ်ချင်းတစ်ယောက်နဲ့ တိုက်မိမလို ဖြစ်သွားတယ်။ မနှင်းဖြူက “သူငယ်ချင်း မတော်တဆ တိုက်မိတာ နော် တောင်းပန်ပါတယ်” လို့ ပြောလိုက်တယ်။ အဲဒါတွေကြောင့် မနှင်းဖြူကို လူတိုင်းက ချစ်ကြတယ်။


အောက်ပါဖြစ်ရပ်တွေမှာ ယဉ်ယဉ်ကျေးကျေး ဘယ်လိုပြုမူမလဲ။ ပြောကြရအောင်။

## ဖြစ်ရပ်(၁)



သင်ရဲ့ မွေးနေ့အလှူ လာတဲ့သူတွေကို ဘယ်လို ကြိုဆိုဧည့်ခံမလဲ။ ကျေးဇူးတင်ကြောင်း ဘယ်လို ပြောမလဲ။

## ဖြစ်ရပ်(၂)





သင်နဲ့အတူ ကစားနေကြတဲ့ သူငယ်ချင်းနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် စိတ်ဆိုးနေကြတယ်။ သူတို့နှစ်ယောက်ကို စိတ်ဆိုးပြေအောင် သင်ဘယ်လို ပြောဆိုမလဲ။

## ဖြစ်ရပ်(၃)



သင် အဘွားအိုတစ်ယောက်နဲ့တွေ့တဲ့အခါ အဘွားအိုကို ဘယ်လို နှုတ်ဆက်မလဲ။ အဘွားအိုက အကူအညီတောင်းတဲ့အခါ သင် ဘယ်လို လုပ်မလဲ။

အောက်ပါအပြုအမူတွေဟာ ယဉ်ကျေးတဲ့အပြုအမူဖြစ်လျှင် အမှန်(✔)ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | အပြင်သွားတိုင်း နှုတ်ဆက်ခွင့်တောင်းတယ်။ | |
| ၂ | လူကြီးတွေကို တွေ့တဲ့အခါတိုင်း ခါးကိုညွတ်၊ ခေါင်းကို ငုံ့ကာ မင်္ဂလာပါလို့ နှုတ်ဆက်လေ့ရှိတယ်။ | |
| ၃ | စကားပြောရင် အသံအကျယ်ကြီးနဲ့ အော်ပြောတယ်။ | |
| ၄ | စကားပြောရင် တိုးတိုးညင်သာကြားရအောင် အသံနဲ့ ပြောလေ့ရှိတယ်။ | |
| ၅ | မတော်တဆ တိုက်မိမလိုဖြစ်တဲ့အခါတိုင်း တောင်းပန်လေ့ရှိတယ်။ | |

* မေးခွန်း

၁။ လူကြီးမိဘ ဆရာသမားတွေကို ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံဖို့ ဘာကြောင့် လိုအပ်သလဲ။

၂။ သူငယ်ချင်းတွေကို ယဉ်ယဉ်ကျေးကျေး ပြောဆို ဆက်ဆံဖို့ ဘာကြောင့် လိုအပ်သလဲ။

၃။ ကိုယ့်ထက်ငယ်တဲ့ သူတွေကို ယဉ်ယဉ်ကျေးကျေး ပြောဆို ဆက်ဆံဖို့ ဘာကြောင့် လိုအပ်သလဲ။

၄။ ဇာတ်လမ်းထဲက သူငယ်ချင်းနှစ်ယောက်ရဲ့ မတူညီတဲ့ အချက်တွေကို စဉ်စားပြီး ပြောပြပါ။

၅။ ယဉ်ကျေးသိမ်မွေ့တဲ့ အပြုအမူတစ်ခုကို လက်တွေ့ လုပ်ပြပါ။



# သင်ခန်းစာ (၁၀) မိတ်ဆွေကောင်း

တစ်ဦးကိုတစ်ဦး ယုံကြည်လေးစားတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- အခင်ဆုံးသူငယ်ချင်းက ဘယ်သူလဲ။ ဘာကြောင့် သူ့ကို ခင်မင်ရသလဲ။
- ဝမ်းနည်းနေတဲ့အချိန်မှာ အားပေးတဲ့ သူငယ်ချင်းရှိရင် ဘယ်လိုခံစားရမလဲ။
- ပျော်ရွှင်နေတဲ့အချိန်မှာ သူငယ်ချင်းနဲ့အတူရှိရင် ဘယ်လိုခံစားရမလဲ။
- ကိုယ့်ရဲ့သူငယ်ချင်းအပေါ်မှာ ဘယ်လိုစိတ်ထားမျိုး ထားသင့်သလဲ။

ဒီပုံတွေကိုကြည့်ပြီး သူငယ်ချင်း အချင်းချင်း တစ်ဦးနဲ့တစ်ဦး ဘယ်လို ချစ်ချစ်ခင်ခင် နေကြမလဲ ပြောကြရအောင်။







# မိတ်ဆွေကောင်း



သင်းသင်းနဲ့မိုးမိုးတို့ သူငယ်ချင်းနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတယ်။ ကျောင်းသွားအတူ ကျောင်းပြန်အတူ ကစားအတူ စားအတူ မခွဲကြပါဘူး။ မုန့် ကောင်းကောင်း စားရတဲ့အခါတိုင်း မိုးမိုးက သင်းသင်းအတွက် ယူလာပေးတယ်။ သင်းသင်းက သူတို့ခြံထဲမှာ စိုက်ထားတဲ့ အပင်က အသီးအပွင့်တွေကို မိုးမိုးအတွက် ယူလာပေးတယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ဘာမဆို ဖွင့်ဟတိုင်ပင်ကြတယ်။ ကျောင်းစာထူးချွန်တဲ့ သင်းသင်းက မိုးမိုး နားမလည်တဲ့စာတွေကို ရှင်းပြလေ့ရှိတယ်။




အားကစားနဲ့ ဂီတထူးချွန်တဲ့ မိုးမိုးက သင်းသင်းကို ကာယလေ့ကျင့်ခန်းနဲ့ သီချင်းတွေ သင်ပြပေးတယ်။ စာမေးပွဲကြီးနီးလာတော့ သင်းသင်း ဝမ်းနည်းနေတာကို မိုးမိုး သတိထားမိတယ်။ "သင်းသင်း နင် ဘာဖြစ်နေတာလဲ"လို့ မေးတယ်။ သင်းသင်းက "ဘယ်သူ့ကိုမှ မပြောပြဘူးဆိုရင် နင့်ကိုငါ ပြောပြမယ်" လို့ဆိုပြီး သူ့ရဲ့အခက်အခဲကို ပြောပြလိုက်တယ်။



မိုးမိုးက "ဆရာမကို နင့် အခက်အခဲပြောပြပြီး အကူအညီတောင်းပေးမယ်"လို့ သင်းသင်းကို ခွင့်တောင်းတယ်။ ဆရာမက သင်းသင်းရဲ့ မိဘတွေကိုသွားတွေ့ပြီး "သင်းသင်းဟာ ကျောင်းမှာ ဘက်စုံထူးချွန်တဲ့အတွက် အိမ်မှာ စာဖတ်ချိန်ပိုပေးပါ ဂရုစိုက်ပေးပါ" လို့ ပြောပြတယ်။ သင်းသင်းစာဖတ်ချိန် ပိုရပါပြီ။ ခြံထဲက အသီးအပွင့်တွေကိုလဲ ရွာထဲမှာ လိုက်မရောင်းရတော့ပါဘူး။ မိဘတွေက သင်းသင်းကို ပိုပြီး ဂရုစိုက်ပေးလို့ ထူးချွန်စွာ အောင်မြင်သွားပါတော့တယ်။

## မိတ်ဆွေဝတ္တရား






ပေးကမ်းချီးမြှင့်
ကိုယ်နှင့်ယှဉ်ထား
စီးပွားဆောင်ရွက်
နှုတ်မြွက်ချိုသာ
သစ္စာမှန်စေ ဝတ်ငါးထွေ
ကျင့်လေ မိတ်သဟာ။

**သင်္ဂဟဆရာတော်**





သူငယ်ချင်းတွေအပေါ် ဘယ်လိုပြုမူတာက ကောင်းသလဲ။ ကောင်းလျှင် အမှန်(✔) ခြစ်ပြီး မကောင်းလျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | သူငယ်ချင်း ဝမ်းနည်းနေတဲ့အချိန်မှာ အားပေးစကား ပြောမယ်။ | |
| ၂ | ကစားစရာရှိရင် တစ်ယောက်တည်းပဲ ကစားမယ်။ | |
| ၃ | သူငယ်ချင်းတွေနဲ့ ရန်မဖြစ်ဘဲ ချစ်ချစ်ခင်ခင်နေမယ်။ | |
| ၄ | သူငယ်ချင်း လိုအပ်တဲ့အခါ ကူညီပေးမယ်။ | |

* မေးခွန်း

၁။ သူငယ်ချင်းကောင်း တစ်ယောက်ဖြစ်ဖို့ ဘယ်လို ပြုမူနေထိုင်မလဲ။

၂။ သင်းသင်းအတွက် မိုးမိုးဟာ ဘယ်လို သူငယ်ချင်းမျိုးလဲ။

၃။ မိုးမိုးဟာ သင်းသင်းအတွက် ဘာကြောင့် ဆရာမကို အကူအညီတောင်းတယ် ထင်သလဲ။

၄။ မိတ်ဆွေဝတ္တရားကဗျာကို သင်ယူပြီးတဲ့အခါ ဘယ်လို ကျင့်သုံးမလဲ။



# သင်ခန်းစာ (၁၁) စာနာနားလည်ပါ


တစ်ဦးနဲ့တစ်ဦး စာနာနားလည်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- သူငယ်ချင်းများများရှိတာ ကောင်းသလား။ သင့်မှာ ဘယ်လို သူငယ်ချင်းတွေ ရှိသလဲ။
- သူငယ်ချင်းအားလုံးကို ခင်သလား။
- ကိုယ့်သူငယ်ချင်းက ကိုယ်နဲ့အကြိုက်မတူတဲ့အခါ သင်ရဲ့စိတ်ထဲ ဘယ်လိုနေမလဲ။
- သူငယ်ချင်းတွေရှိတာ သိပ်ကောင်းတာပဲလို့ ထင်တဲ့အချိန်က ဘယ်လို အချိန်မျိုးလဲ။



# စာနာနားလည်ပါ




ကျောင်းတက်ခေါင်းလောင်းမထိုးသေးလို့ မောင်မြင့်တို့ သူငယ်ချင်းတွေ ကစားနေကြတုန်း "မောင်မြင့်ရေ မင်းအမေ မူးလဲလို့ " ဆိုပြီး ထွေးဘိုက လာပြောတယ်။ မောင်မြင့်က အမေ့ကို တအားစိတ်ပူသွားတယ်။ အမေ့ဆီကို ချက်ချင်း လိုက်သွားမှ ဖြစ်မယ်လို့ တွေးမိတယ်။ "သူငယ်ချင်းဖိုးနီ ငါ့ကို အမေ့ဆီ လိုက်ပို့ပေးပါလား"လို့ ပြောတော့ ဖိုးနီက "ငါ လိုက်မပို့နိုင်လို့ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ် တခြားသူတွေကို ပြောကြည့်ပါ" လို့ ပြောလိုက်တယ်။ "သူငယ်ချင်း လှဒင်ရယ် ငါ့ကို အမေ့ဆီ လိုက်ပို့ ပေးပါလား"လို့ နောက်တစ်ယောက်ကို ပြောပြန်တယ်။ "ငါ လိုက်မပို့နိုင်လို့ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ် တခြားသူတွေကို ပြောကြည့်ပါ " လို့ လှဒင်က ပြောလိုက်တယ်။ မောင်မြင့် ဝမ်းနည်းလာတယ်။ တစ်ယောက်မှ သူ့ခံစားချက်ကို နားလည် မပေးနိုင်ဘူး။





နောက်တစ်ယောက်ကို ပြောကြည့်ဦးမှပဲဆိုပြီး “ သူငယ်ချင်း စောနောင်ရယ် ငါအမေ့ဆီကို လိုက်သွားမှဖြစ်မယ်” လို့ ပြောပြန်တယ်။ စောနောင်က “မင်း စိုးရိမ်နေတာကို ငါနားလည်တယ် ငါ့အစ်ကိုကြီးကို ပြောပြပြီး မင်းကို လိုက်ပို့ခိုင်းမယ် ခဏစောင့်နော် ဆရာမဆီမှာ ခွင့်တိုင်ခဲ့မယ်” လို့ ပြောတယ်။ ခဏအကြာမှာ စောနောင်နဲ့အတူ သူရဲ့အစ်ကိုကြီး ရောက်လာပြီး အစ်ကိုကြီးက မောင်မြင့်ကို စက်ဘီးပေါ် တင်ခေါ်သွားတယ်။



စောနောင်တို့ ရောက်သွားတဲ့အချိန်မှာ “အမေက ဆိုးဆိုးရွားရွားမဖြစ်လို့ တော်သေးတာပေါ့” လို့ မောင်မြင့်က ပြောပြတယ်။ မောင်မြင့်ရဲ့ အမေက “ဒေါ်ဒေါ်ရဲ့ သားလေးကို အခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် သားလေးက ဒေါ်ဒေါ်အတွက် သိပ်စိုးရိမ်ပြီး အိမ်ပြန်ချင်တဲ့အချိန်မှာ သူ့အပေါ် စာနာနားလည်ပေးပြီး ကူညီတဲ့ သူငယ်ချင်းတွေရှိတာကို ဒေါ်ဒေါ် သိပ်ဝမ်းသာပါတယ်” လို့ ပြောလိုက်တယ်။






## စာနာနားလည်ပါ

ခက်ခဲကြုံက ဖေးမကူ
နားလည်ပေးတတ်သူ၊
စိတ်ထားကြည်ဖြူ နှစ်သိမ့်ပေး
အားငယ်စဉ်မှာ ကြင်နာတွေး၊
ဝန်လေးပစ္စည်း သယ်လို့လာ
ငါတို့ ကူညီမှာ၊
ဝိုင်းပယ်ကာ ချန်မထား
တန်းတူကူညီ ကြင်နာပွား၊
အားနည်းသူကို အားပေးတာ
အေးမြ ပီတိဖြာ၊
တူယှဉ်ကာ လက်တွဲလို့၊
နားလည်ပေးကြစို့။

**ဆရာချစ်**

* မေးခွန်း

၁။ စာနာနားလည်မှုရှိတဲ့ အပြုအမူတွေက ဘာတွေလဲ။
၂။ တစ်ယောက်နဲ့တစ်ယောက် စာနာတတ်တာ နားလည်မှု ရှိတာ ကောင်းသလား။ ဘာကြောင့်လဲ။
၃။ တစ်ဦးနဲ့တစ်ဦး ဘယ်လိုအချိန်တွေမှာ နားလည်ပေးသင့်ပါသလဲ။ ဘာကြောင့်လဲ။
၄။ စာနာနားလည်တယ်ဆိုရင် ဘယ်လို ပြုမူမလဲ။



## သင်ခန်းစာ (၁၂) မျှတစိတ်ကလေး ထားပါကွယ်

တစ်ဦးနဲ့တစ်ဦး မျှမျှတတ ဆက်ဆံတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။




- ကိုယ်သိပ်ကြိုက်တဲ့မုန့်တစ်ခုတည်းရှိတဲ့အခါ သူငယ်ချင်းကို ဝေမျှကျွေးမလား၊ ဘယ်လို ကျွေးမလဲ။
- အတန်းထဲမှာ ထိုင်တဲ့အခါ ကိုယ်ကနေရာ အကျယ်ကြီးယူထားရင် ဘေးနားက သူငယ်ချင်းတွေ ဘယ်လို နေမလဲ။ သူငယ်ချင်းတွေက နေရာအကျယ်ကြီးယူထားရင်ရော ကိုယ်ရဲ့စိတ်ထဲ ဘယ်လို နေမလဲ။
- သူငယ်ချင်းတွေကို မျှတတဲ့စိတ်နဲ့ ဘာတွေ လုပ်ပေးဖူးသလဲ။

ရုပ်ပုံကိုကြည့်ပြီး မျှတစိတ်ရှိလျှင် အမှန်(✔)ခြစ်ပြီး မရှိလျှင် အမှား(✘)ခြစ်ပြပါ။ အကြောင်းရင်းကို ပြောပြပါ။

လေးတဲ့ပစ္စည်းကို သူငယ်ချင်းသယ်ဖို့ ချန်ထားလိုက်မယ်




လေးတဲ့ပစ္စည်းကို သူငယ်ချင်းမနိုင်မှာစိုးလို့ အတူတူသယ်မယ်




သူငယ်ချင်းတွေမှာပေတံ မရှိတဲ့အခါတစ်ယောက် တစ်လှည့်မျှသုံးမယ်



သူငယ်ချင်းတွေမှာခဲတံ မပါတဲ့အခါကိုယ့်မှာရှိတဲ့ ခဲတံအပိုကိုပေးမသုံးဘူး



တန်းစီပြီးအလှည့် စောင့်ရတဲ့အခါ အလှည့်မကျော်ဘူး




တန်းစီပြီးအလှည့် စောင့်ရတဲ့အခါအရှေ့ကို ကျော်တက်မယ်




# မျှတစိတ်ကလေး ထားပါကွယ်


အာကာနဲ့ ဇေရာတို့နှစ်ယောက်ဟာ အမွှာညီအစ်ကိုတွေ ဖြစ်ကြတယ်။ သူတို့နှစ်ယောက်ဟာ ကစားစရာဆိုလဲ အတူတူ၊ စားစရာဆိုလဲ အတူတူရမှ ကျေနပ်ကြတယ်။ မုန့် တစ်ခုပဲရှိလို့ တစ်ယောက်တစ်ဝက် ပိုင်းပြီး စားရတဲ့ အခါတိုင်း “နင်ရတဲ့ အပိုင်းကကြီးတယ် ငါရတဲ့အပိုင်းက သေးတယ်” ဆိုပြီး အငြင်းပွားကြတယ်။



အဲဒီအခါမှာ သူတို့ရဲ့မေမေက အငြင်း မပွားဖို့ နည်းလမ်းတစ်ခု ပြောပြတယ်။ “တစ်ယောက်က ပိုင်းပြီး တခြား တစ်ယောက်က ရွေးယူပါ” လို့ ပြောတယ်။ မေမေပြောပြတဲ့ မုန့်ဝေစားနည်းကို သုံးပြီး သူတို့နှစ်ယောက် ကျေနပ် နေကြတယ်။



တစ်နေ့မှာ ညီအစ်ကိုနှစ်ယောက်ကို သူတို့မေမေက “စားစရာ မုန့်ကို မျှမျှတတ ဝေစားသလိုမျိုး တခြားသူတွေနဲ့ မျှမျှတတ ပြုမူဆက်ဆံဖို့ သားတို့အရွယ်နဲ့ နားလည်နိုင်မဲ့ အသုံးပြုလွယ်တဲ့ နည်းလမ်း တစ်ခု ပြောပြမယ်”



# အခန်း(၁၂)



“ကိုယ်မကြိုက်တဲ့ အပြုအမူမျိုး သူများကို မလုပ်ရဘူး ကိုယ့်ကို သူများက နောက်ပြောင်တာ၊ လှောင်ရယ်ရယ်တာ မကြိုက်ဘူးဆိုရင် သူများကိုလဲ နောက်ပြောင်တာ၊ လှောင်ရယ်ရယ်တာ ဘယ်တော့မှ မလုပ်ရဘူး” လို့ ပြောတယ်။ တစ်ဦးနဲ့တစ်ဦး မျှမျှတတ ပြုမူဆက်ဆံရင် ပျော်စရာကောင်းတယ်လို့ အာကာနဲ့ရောတို့ သဘော ပေါက်သွားကြတယ်။

## မျှတစိတ်ကလေး ထားကြမယ်





ကိုယ့်မှာ ရှိတာမျှဝေပါ
ကိုယ်စိတ်ချမ်းသာ ပီတိဖြာ၊
ခင်မင်စရာ သူငယ်ချင်း
မျှဝေမှုသည် အောင်မြင်ခြင်း။
ပင်ကိုစိတ်ရင်း ဖြူဖြူစင်
အရာရာတွင် ကူညီလျှင်၊
ပျော်ရွှင်ရမယ် တစ်သက်လုံး
ကြည်နူးပီတိ မေတ္တာဖုံး၊
ဝမ်းသာလို့မဆုံး။





**ကိုထွန်းထွန်း(ဂီတမိတ်)**

* မေးခွန်း


၁။ သူငယ်ချင်းအချင်းချင်း လှောင်ပြောင် စနောက်ခံရရင် ကလေးတို့ စိတ်ထဲမှာ ဘယ်လို ခံစားရမလဲ။

၂။ မျှမျှတတ ပြုမူတဲ့အခါ ဘာတွေ ဖြစ်လာနိုင်သလဲ။

၃။ မျှမျှတတ မပြုမူရင် ဘာတွေ ဖြစ်လာနိုင်သလဲ။

၄။ မျှမျှတတ ပြုမူဆက်ဆံဖို့ ဘာကြောင့် အရေးကြီးတယ်ထင်သလဲ။

၅။ သူငယ်ချင်းတွေနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ မျှတအောင် ဘယ်လို နေထိုင်ကြမလဲ။



# သင်ခန်းစာ (၁၃) တာဝန်ကိုယ်စီ

မိမိအရွယ်အလိုက် ရှိရမဲ့နေရာနဲ့ ထမ်းဆောင်ရမဲ့ တာဝန်ကို သိရှိလုပ်ဆောင်တတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- အိမ်မှာ ကလေးတို့ထက်ကြီးတဲ့ အစ်ကို အစ်မတွေက ကလေးတို့ကို ဘာတွေ လုပ်ပေးခဲ့ဖူးပါသလဲ။
- ကျောင်းမှာ ကလေးတို့ထက် အတန်းကြီးတဲ့ အစ်ကို အစ်မတွေက ကလေးတို့ကို ဘာတွေ လုပ်ပေးခဲ့ဖူးပါသလဲ။
- ဘာကြောင့် အဲဒီလို လုပ်ပေးကြတယ်လို့ ထင်ပါသလဲ။
- ကဗျာထဲမှာ ပါတဲ့သူတွေရဲ့ တာဝန်အသီးသီးကို ပြောပြပါ။

## တာဝန်ကိုယ်စီ





ဖေဖေကြီးက ကျောင်းဆရာ
ကျောင်းတော်ကြီးမှာ စာသင်တာ၊
ချစ်မေမေမှာ ချက်ပြုတ်ရင်း
မိုးချုပ် မိုးလင်း အိမ်ကိုရှင်း။
မပျင်းပါနဲ့ ကိုကြီးရယ်
လွယ်အိတ်လွယ်လို့ ကျောင်းသွားကွယ်၊
ညီငယ်လေးနဲ့ ညီမထွေး
ရေးကြ ဝလုံး ဝိုင်းဝိုင်းလေး။
ညီလေး ညီမလေး တို့ဖေမေ
တာဝန်ကိုယ်စီ ရှိကြပေ၊
ကျေကျေပွန်ပွန် လုပ်ဆောင်စို့
တို့မိသားစု တိုးပွားဖို့။
ကြိုးစားစို့ ကြိုးစားစို့။

မငွေးခင်(ပညာရေး)





# ကြီးသူ့ဝန်တာ

ကျွန်တော်ကတော့ သပြေလှ အခြေခံပညာမူလတန်းကျောင်းက ဒုတိယတန်းကျောင်းသား မောင်ညီညီဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာ ကျွန်တော်လေးစားအားကျနေရတဲ့ အစ်ကိုကြီးတစ်ယောက်ရှိပါတယ်။ သူကတော့ စတုတ္ထတန်း အတန်းခေါင်းဆောင် ကိုကြီးသန့်ဇင် ဖြစ်ပါတယ်။ စာတော်လို့ နှစ်တိုင်းဆုရတဲ့အပြင် ကျောင်းရဲ့ ဘောလုံးအသင်း ခေါင်းဆောင်တစ်ဦးလဲ ဖြစ်ပါတယ်။ ကျောင်းမှာ အသင်းတာဝန်၊ အတန်းတာဝန်တွေကို ကျေပွန်အောင်လုပ်ဆောင်တတ်တဲ့အတွက် ဆရာ ဆရာမတွေက သူ့ကိုချစ်ကြပါတယ်။ သူဟာ ငယ်တဲ့ကျောင်းသူ ကျောင်းသားတွေကို ကျောင်းသွား ကျောင်းပြန် ကူညီစောင့်ရှောက်ပေးလေ့ရှိတယ်။



ကျွန်တော် ပထမတန်း တက်တုန်းကဖြစ်ပါတယ်။ အိမ်နီးချင်း သူငယ်ချင်းတွေဖြစ်တဲ့ သက်သက်နဲ့ မေဇင်တို့နဲ့ အတူ ကျောင်းလာခဲ့ရပါတယ်။

လမ်းတစ်ဝက်မှာ ဒီနေ့ အသင်းတာဝန်ကျတာကို သတိရပြီး မေဇင်နဲ့သက်သက်ကို မစောင့်တော့ဘဲ ကျောင်းကို အပြေးသွားခဲ့မိတယ်။ ကျောင်းရောက်ခါနီးမှာ ခဲလုံးတစ်လုံးကို ခလုတ်တိုက်ပြီး မှောက်လျက်လဲသွားပါတော့တယ်။ အဲဒီအချိန်မှာ ကိုကြီးသန့်ဇင် ရောက်လာပြီး ကျွန်တော့်ကို ဆွဲထူပေးပါတယ်။



အင်္ကျီမှာကပ်ပြီး ပေနေတဲ့ဖုန်တွေကိုလဲ ဂရုတစိုက် ခါပေးပါတယ်။ လွယ်အိတ်ကိုလဲ ကျောင်းအထိ ကူညီသယ်ဆောင် သွားပေးခဲ့ပါတယ်။ ငိုမဲ့မဲ့ ဖြစ်နေတဲ့ ကျွန်တော့ကို အားပေးနှစ်သိမ့်ရင်း သူရဲ့လွယ်အိတ်ထဲက မုန့်တစ်ခုကိုလဲ ကျွန်တော် စားဖို့ ပေးလိုက်ပါသေးတယ်။ အတန်းထဲအထိ လိုက်ပို့တဲ့အတွက် အတန်းပိုင် ဆရာမက ဝမ်းမြောက်ဝမ်းသာနဲ့ "မောင်သန့်ဇင်ဟာ အငယ်တွေအပေါ်မှာ သိပ်တာဝန်ကျေတာပဲ မင်းတို့လဲ မောင်သန့်ဇင်ကို အတုယူကြ" လို့ ချီးကျူးစကား ပြောပါတယ်။ အဲဒီအချိန်ကစပြီး ကိုကြီးသန့်ဇင်ကို ချစ်ခင်အားကျခဲ့ပါတယ်။ ကိုကြီးသန့်ဇင်လိုမျိုး တာဝန်ကျေတဲ့ ကျောင်းသားတစ်ယောက်ဖြစ်အောင် ပြုမူနေထိုင်သွားဖို့ အတန်းထဲက သူငယ်ချင်းတွေကို ပြောပြလိုက်ပါတယ်။





# ခွဲခြားသိပါကိုယ့်ဝန်တာ

ကျောင်းအုပ်ကြီးက ဦးဆောင်ကာ
ဘက်စုံပညာ ဖွံ့ဖြိုးစွာ၊
ဆရာဆရာမ လက်ထောက်များ
သင်ကြားပို့ချ ရင်ဝယ်သား။
ကျောင်းလုပ်သားလဲ တာဝန်ကျေ
သန့်ရှင်းစိုပြည် ကျောင်းတော်မြေ၊
စည်းကမ်းရှိသေ တို့ကျောင်းသား
စိတ်ကောင်းထားလို့ စာကြိုးစား။
နိုင်ငံသားကောင်း ဖြစ်ဖို့ရာ
အားလုံးပါဝင် ထမ်းရွက်ပါ၊
ကိုယ့်ဝန်တာ ခွဲခြားသိ
တန်ဖိုးအလွန်ရှိပါဘိ။

**မြင့်မြင့်(အိမ်မဲ)**



* မေးခွန်း

၁။ သင့် မိသားစုဝင်တွေရဲ့ တာဝန်အသီးသီးကို ပြောပြပါ။
၂။ သင်ဟာ ကျောင်းမှာ အတန်းထဲမှာ ဘယ်လို တာဝန်မျိုးကို ထမ်းဆောင်ဖူးပါသလဲ။ ဘယ်လို ခံစားရပါသလဲ။
၃။ ကျောင်းမှာလုပ်ဆောင်ရမဲ့ သင့်ရဲ့တာဝန်ကို ပြောပြပါ။
၄။ သင့်ကျောင်းမှာ ရှိတဲ့သူတွေရဲ့ တာဝန်အသီးသီးကို ပြောပြပါ။




# သင်ခန်းစာ (၁၄) ထူးတဲ့နိုင်ငံ

မိမိနိုင်ငံနဲ့ တိုင်းရင်းသားအားလုံးကို ချစ်မြတ်နိုးတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- မြန်မာနိုင်ငံမြေပုံကို ကြည့်ရှုလေ့လာပါ။
- မြန်မာနိုင်ငံမြေပုံကို မြင်တွေ့ရတဲ့အခါ ဘယ်လို ခံစားရပါသလဲ။
- မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးတွေကို သိသလောက် ပြောပြပါ။




# သွေးရင်းများပီပီ



ပြည်ထောင်စုဖွားတိုင်းရင်းသားများ ပေါင်းစုကာ အတည် တစ်သက်အချေမခွဲ လက်တွေတွဲ သွေးရင်းများပီပီ ××××× အရာရာမှာ တိုင်တိုင်ပင်ပင် ×× တွေ့ဆုံညှိနှိုင်းကာ တစ်ဦးနဲ့ တစ်ဦး ရိုင်းပင်းကြလို့အတည်×××
(ဟော့ ဟော့ ဟော ဟော ×× ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်း စည်းစည်းလုံးလုံး ရှိပါသည်)၇××
ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် တစ်စိတ်တစ်ဝမ်းတည်းပေ မြန်မာပြည် ကာကွယ်မည် အဖျက်ရန်စွယ်တွေ တိုက်ဖျက်ချေကာ တို့ပြည်ထောင်စု သာယာရေး ကြိုးပမ်းထမ်းဆောင်မည် ×××
(ဟော့ ဟော့ ဟောဟော ကချင် ကယား ကရင် ချင်း ဗမာ မွန် ရခိုင် ရှမ်း စည်းစည်းလုံးလုံး ရှိပါသည်)၇××

**စန္ဒရားချစ်မောင်**

# ထူးတဲ့နိုင်ငံ



ကျွန်တော်တို့ရဲ့ ပြည်မြန်မာ
ရိုးမလေးတန်ကာ၊
တနင်္သာရီ ရှမ်းရိုးမ
ပဲခူး ရခိုင်ပ။
ကာကွယ်ပေးကြ ရန်သူကို
စစ်သားကြီးတွေလို
ရေကြည်ချိုချို စီးလို့ဆင်း
မြစ်ကြီးက လေးစင်း။
သံလွင်၊ ချင်းတွင်း၊ ဧရာဝတီ
စစ်တောင်း မြစ်နဒီ၊
တက်ညီ လက်ညီ လုပ်အားပေး
သွားလာ လွယ်ကူရေး။
ရိုးမလေးတန် မြစ်လေးတန်
ထူးတဲ့တို့နိုင်ငံ
ကျွန်းသစ်၊ ရေနံ၊ ဆန်စပါး
ပြည့်ဝ လွန်ပေါ်များ။

**မောင်သက်ကြူ**


* မေးခွန်း

၁။ မြန်မာနိုင်ငံမြေပုံကို သင် နှစ်သက်ပါသလား။ ဘာကြောင့်လဲ။

၂။ မြန်မာနိုင်ငံရဲ့ ထူးခြားချက်တွေထဲက သင် အနှစ်သက်ဆုံးတစ်ချက်ကို ရွေးချယ်ပြီး ဘာကြောင့် နှစ်သက်သလဲ ပြောပြပါ။

၃။ ထူးတဲ့နိုင်ငံကဗျာကို သင်ယူပြီးတဲ့နောက် သင် ဘယ်လို ခံစားရပါသလဲ။ ဘာကြောင့်လဲ။

၄။ အတန်းထဲမှာရှိတဲ့ သူငယ်ချင်း တိုင်းရင်းသား တစ်ယောက်ရဲ့ အမည်ကို ပြောပြပါ။ အဲဒီ သူငယ်ချင်းနဲ့ ဘယ်လို နေထိုင်သင့်သလဲ။ ဘာကြောင့်လဲ။




# သင်ခန်းစာ (၁၅) ချမ်းမြေ့သာယာ တို့ကမ္ဘာ

သဘာဝပတ်ဝန်းကျင်ကို အလေးထားတတ်ဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- သဘာဝပတ်ဝန်းကျင်က ရရှိတဲ့အရာတွေက ဘာတွေလဲ။
- ပတ်ဝန်းကျင်မှာ ရေ မရှိရင် ဘာဖြစ်မလဲ။
- ပတ်ဝန်းကျင်မှာ သစ်ပင်တွေ မရှိရင် ဘာတွေဖြစ်နိုင်သလဲ။
- ပတ်ဝန်းကျင်မှာ လေ မရှိရင် ဘာတွေဖြစ်နိုင်သလဲ။

ဒီရုပ်ပုံတွေကိုကြည့်ပြီး ဘယ်နေရာကို ကြိုက်သလဲ။ ဘာကြောင့်လဲ။



# သားသားမီးမီးတို့ရဲ့ ပတ်ဝန်းကျင်



နှင်းနှင်းတစ်ယောက် အိမ်နဲ့မနီးမဝေးမှာရှိတဲ့ ပန်းခြံထဲကို ရောက်ရှိသွားတယ်။ ရောင်စုံပန်းကလေးတွေ ပွင့်နေတာ သိပ်လှတယ်။ လေပြည်ကလေး တိုက်လိုက်တော့ အမောကို ပြေသွားတာပဲ။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်တွေကင်းစင်တဲ့အပြာရောင်ကောင်းကင်ကြီးကို တွေ့တယ်။ နှင်းနှင်းရဲ့ရင်ထဲ အေးမြသွားတယ်။ စိတ်ထဲမှာ လွတ်လပ်ပျော်ရွှင်သွားတယ်။

ပန်းခြံထဲက စမ်းချောင်းကလေးနားကို ရောက်သွားတော့ ဖားကလေးတစ်ကောင် ရေထဲကို ခုန်ဆင်းသွားတာ တွေ့လိုက်ရတယ်။ ဖားကလေးက နှင်းနှင်း ကို ကြောက်လို့ ရေထဲခုန်ဆင်းသွားတာလား။ "မကြောက်ပါနဲ့ ဖားကလေးရယ် မင်းတို့လေးတွေကို ငါက ချစ်ပါတယ်"လို့ ပြောလိုက်တယ်။ ဖားကလေးက ရေစပ်နားမှာရှိတဲ့ ကျောက်တုံးပေါ်ကို ခုန်တက်သွားတော့ မျက်နှာကို ရေစက်ကလေးတွေ လွင့်စင်လာတယ်။ "ဟယ် ဖားကလေးက မျက်နှာကို ရေနဲ့ပက်တယ်တော့" ဆိုပြီး တခစ်ခစ်ရယ်ရင်း နှင်းနှင်းတစ်ယောက် ပန်းခြံထဲမှာ ပျော်နေပါတယ်။





ပန်းခြံထဲမှာကြာနေတဲ့ နှင်းနှင်းဆီကို မေမေက လိုက်လာပါတယ်။ မေမေနဲ့ တွေ့တော့ “ပန်းခြံထဲကလို နေရာတိုင်းမှာ သန့်ရှင်း လှပနေရင် သိပ်ကောင်းမှာပဲနော် အခုလို သန့်ရှင်း လှပနေအောင် ဘယ်လိုလုပ်ရမလဲ မေမေ”လို့ မေးကြည့်မိတယ်။ “လူတိုင်းလူတိုင်းက ကိုယ့်ကြောင့် ပတ်ဝန်းကျင်ကို မညစ်ပတ်စေရဘူး ပန်းပင်တွေ စိုက်ရမယ်



စိုက်ထားတဲ့ အပင်တွေကို ရှင်သန်အောင် ဂရုစိုက်ရမယ် အကောင်ငယ် ကလေးတွေကို နာကျင်အောင် မလုပ်ရဘူး သနားကြင်နာ ရမယ် အဲဒီလိုဆိုရင် နေရာတိုင်းမှာ သန့်ရှင်း လှပသာယာနေမှာပဲ အားလုံးလဲ ပျော်ရွှင် ကြမှာပဲ”လို့ မေမေက နှင်းနှင်းကို ရှင်းပြ လိုက်ပါတယ်။

# အခန်း(၁၅)



## ချမ်းမြေ့သာယာ တို့ကမ္ဘာ

သစ်ပင်လှလှ စိုက်ကြမယ်
အရိပ် ရဖို့ကွယ်၊
ငှက်ကလေးတွေ တေးသီလို့
အကိုင်းလေးမှာ နားနေဖို့၊
တို့ရဲ့ကမ္ဘာ လှဖို့ကွယ်
ပန်းပင်စိုက်ကြမယ်၊
ပိတုန်းနဲ့ကွယ် လိပ်ပြာနား
သူတို့ပျော်စေသား၊
ကမ္ဘာကြီးလဲလှမယ် တအား။

**ယူသင်**

* မေးခွန်း

၁။ ကလေးတို့ရဲ့ သဘာဝပတ်ဝန်းကျင်ကို သာယာလှပစေတဲ့အရာတွေက ဘာတွေလဲ။

၂။ ကလေးတို့ရဲ့ သဘာဝပတ်ဝန်းကျင် လှပနေရင် ကလေးတို့ ဘယ်လို ခံစားရမလဲ။

၃။ ကလေးတို့ရဲ့ သဘာဝပတ်ဝန်းကျင် မလှပနေရင် ကလေးတို့ ဘယ်လို ခံစားရမလဲ။

၄။ ကိုယ့်ကြောင့် သဘာဝပတ်ဝန်းကျင် မညစ်ပတ်ရအောင် ဘာတွေ မလုပ်သင့်ဘူးလဲ။

၅။ နေရာတိုင်း သာယာလှပနေအောင် ကလေးတို့ ဘယ်လို ပြုမူကြမလဲ။




# သင်ခန်းစာ (၁၆) သန့်ရှင်းဝန်းကျင် ဖြစ်စေချင်

ပတ်ဝန်းကျင်ကို သန့်ရှင်းသာယာလှပစေဖို့ ဒီသင်ခန်းစာကို လေ့လာကြရအောင်။



- ရုပ်ပုံတွေကိုကြည့်ပြီး ဘယ်နေရာက အသာယာဆုံးဖြစ်မလဲ။
- ရုပ်ပုံထဲက မသန့်ရှင်းတဲ့နေရာတွေကို သန့်ရှင်းအောင် ဘယ်လို လုပ်မလဲ။
- အမှိုက်တွေ ဒီလိုဖြစ်နေတာ ဘာကြောင့်လဲ။
- ဘယ်နေရာမှာ နေချင်သလဲ။ ဘာကြောင့်လဲ။

ပုံ(၁)




ပုံ(၂)



ပုံ(၃)



ပုံ(၄)



# သန့်ရှင်းဝန်းကျင် ဖြစ်စေချင်

ဖိုးသားနဲ့ မီးငယ်တို့မိသားစုဟာ ရှူခင်းသာကို ခရီးထွက်ခဲ့ကြတယ်။ လမ်းတစ်လျှောက်မှာ လှပတဲ့ရှုခင်းတွေကိုကြည့်ရင်း မုန့်စားနေသူတွေ ပြေးလွှားဆော့ကစားနေသူတွေနဲ့ စည်ကားနေပါတယ်။
ဖိုးသားနဲ့ မီးငယ်တို့ အလွန်ပျော်ကြပါတယ်။



နွေရာသီကျောင်းပိတ်ရက်မှာ ဖိုးသားနဲ့ မီးငယ်တို့မိသားစု ရှူခင်းသာကို နောက်တစ်ကြိမ် ခရီးထွက်ခဲ့ကြပြန်တယ်။ လမ်းတစ်လျှောက်မှာ ပလတ်စတစ်အိတ်၊ ရေသန့်ဘူးခွံ၊ အအေးဘူးခွံ၊ ဖော့ဘူးခွံတွေနဲ့ အမှိုက်တွေကို တွေ့ရတယ်။ ဖိုးသားနဲ့ မီးငယ်တို့ ဟိုတစ်ခေါက်တုန်းကလို မပျော်နိုင်တော့ပါ။ ဘာကြောင့်လဲ။ ရှုခင်းတွေ ပျက်စီးကုန်တာ ဘာကြောင့်လဲ။





လှပသန့်ရှင်းအောင် ဘယ်လို ပြန်လုပ်ကြရမလဲ။ အားလုံးမှာ တာဝန်ရှိတယ်လို့ ဖေဖေက ပြောပြီး လှပသန့်ရှင်းအောင် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။


# သူတို့လိုမလုပ်ဘူး

ကျောင်းအားရက်မို့ ထွန်းထွန်းတစ်ယောက် မေမေနဲ့ ဈေးလိုက်ခဲ့ပါတယ်။ မေမေ ဈေးဝယ်နေတုန်း ထွန်းထွန်းက ဈေးသည်တွေကို ငေးနေမိတယ်။ အဒေါ်ကြီးတစ်ယောက် စားပွဲပေါ်က အမှိုက်တွေကို သုတ်လိုက်တော့ ဘေးနားမှာရှိနေတဲ့ ဦးလေးကြီးက ပြောင်အောင် သုတ်ဖို့ ပြောနေပါတယ်။ စားပွဲအောက်မှာ အမှိုက်တွေ ပြန့်ကျဲကုန်တယ် စားပွဲပေါ်မှာတော့ ပြောင်ရှင်းသွားပြီပေါ့။



စားပွဲအောက်ကို သုတ်ချပြီးမှ အမှိုက်ပုံးထဲ ထည့်ဖို့ဖြစ်မှာပဲလို့ ဆက်ကြည့်နေမိတယ်။ အမှိုက်ပုံးထဲမထည့်သေးတဲ့ အဒေါ်ကြီးတော့ အဆူခံရတော့မှာပဲလို့ ထွန်းထွန်းတွေးနေတုန်းမှာ ဦးလေးကြီးက အမှိုက်တွေကို ဆိုင်ရှေ့မှာရှိတဲ့ မြောင်းထဲကို ထိုးသိပ်ပြီး ပစ်ချလိုက်ပါတယ်။





မြောင်းထဲရောက်သွားတဲ့ အမှိုက်တွေကို ရှင်းပေးဖို့ ဘယ်သူက တာဝန်ယူမှာလဲ။ မြောင်းထဲမရောက်မီ ရှင်းရတာကပိုပြီး မလွယ်ကူဘူးလားလို့ ထွန်းထွန်းတွေးနေမိတယ်။

ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် မှန်ကန်တဲ့အပြုအမူဖြစ်လျှင် အမှန်(✔)ခြစ်ပြီး မဖြစ်လျှင် အမှား(✘)ခြစ်ပြပါ။ ဘာကြောင့်လဲ ပြောပြပါ။

| စဉ် | အကြောင်းအရာ | (✔) (✘) |
|---|---|---|
| ၁ | ကိုယ်နေထိုင်တဲ့နေရာကို အမြဲတမ်း သန့်ရှင်းအောင် လုပ်မယ်။ | |
| ၂ | အမှိုက်တွေကို ရေမြောင်းထဲ ပစ်ချမယ်။ | |
| ၃ | အမှိုက်တွေကို သတ်မှတ်ထားတဲ့နေရာမှာ စနစ်တကျ စွန့်ပစ်မယ်။ | |
| ၄ | ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် သောကြာနေ့တိုင်း အမှိုက်ကောက်ကြမယ်။ | |

* မေးခွန်း

၁။ ကလေးတို့ရဲ့အိမ်၊ ကျောင်း၊ ပတ်ဝန်းကျင်မှာ အမှိုက်တွေကို ဘယ်လို စွန့်ပစ်ကြသလဲ။

၂။ ပတ်ဝန်းကျင် မသန့်ရှင်းရင် ဘာတွေဖြစ်လာနိုင်သလဲ။

၃။ ရှုခင်းသာနေရာကလေး သန့်ရှင်းသာယာလှပအောင် ဘယ်သူတွေ လုပ်ဆောင်ပေးသင့်သလဲ။

၄။ အိမ်ပတ်ဝန်းကျင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းအောင် ဘာတွေ လုပ်သင့်သလဲ။

